၁၄။ ယင်ဖြူ

**Whitefly: *Aleurodicus dispersus* (Russell, 1965)**

**Hemiptera: Aleyrodidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**





ဥများသည် မျက်နှာပြင်ချောမွေ့၍ ဘဲဥပုံသဏ္ဍာန်ရှိပြီး အဝါရောင်ရှိသည်။ ဥများကို ခရုပတ်ပုံစံ အုလေ့ရှိသည်။ အရွယ်ရောက်ကောင်ဖြစ်သည့် အကောင်ကြီး၏ အတောင်ပံသည် အဖြူရောင်ရှိပြီး ဖယောင်းလွှာဖြင့် ဖုံးထားသော ဖလံပုံစံအင်းဆက်ဖြစ်သည်။

**ဖျက်ဆီးပုံလက္ခဏာများ**



အရွက်များတွင် အဝါရောင်အစက်အပြောက်များတွေ့ရ ပြီး ဆိုးဆိုးရွားရွား ကျရောက်ပါက အရွက်များတွင် တွန့်လိပ်နေသည်ကိုတွေ့ရသည်။

**ဘဝစက်ဝန်း**

ဥအဆင့် -(၇-၁၀)ရက်

ပိုးမမည်အဆင့် -(၁၁-၂၂)ရက်

ရုပ်ဖုံးအဆင့် -(၅-၁၆)ရက်
အကောင်ကြီးအဆင့် -(၁၄)ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

အဝါရောင်မိုစေ့ဗိုင်းရပ်စ်ရောဂါ (Yellow Mosaic Virus)သည် ယင်ဖြူမှတဆင့်ကူးစက်ပြန့်နှံ့ခြင်းဖြစ်၍ယင်ဖြူအားထိရောက်စွာနှိမ်နင်းနိုင်မှသာလျှင်ရောဂါဖြစ်ပေါ်မှုကိုတားဆီးနိုင်မည်ဖြစ်ပါသည်။ယင်ဖြူကျရောက်ခြင်းအားကာကွယ်ရန်ပိုးသတ်ဆေးပက်ဖျန်းခြင်းတစ်မျိုးဖြင့်မကာကွယ်နိုင်ပါ။ပိုးသတ်ဆေးများသည်စိုက်ခင်းအတွင်းရှိမိတ်ဆွေပိုးများအားသေစေနိုင်သဖြင့်ယင်ဖြူများအားမနှိမ်နင်းနိုင်တော့ဘဲပိုမိုပေါက်ဖွားစေပါသည်။သို့ပါ၍အောက်ဖော်ပြပါဘက်စုံကာကွယ်နှိမ်နင်းနည်းများအားလိုက်နာဆောင်ရွက်ပါ။

(၁)ယခင်နှစ်မှကျန်ရှိသောရောဂါရပင်ကြွင်းပင်ကျန်များအားမီးရှို့ဖျက်ဆီးပါ။

(၂)စိုက်ခင်းပတ်ဝန်းကျင်ရှိပေါင်းမြက်များအားရှင်းလင်းပါ။

(၃)ပဲတစ်မျိုးတည်းစိုက်ခြင်းအားရှောင်ကြဉ်ပါ။(သီးလှည့်စိုက်ပါ)

(၄)ထယ်ရေးနက်နက်ထွန်ပါ။

(၅)မြေပြင်ချိန်တွင်မြေခံအဖြစ် ဖစ်ပရိုနေး၃ဂျီအာ(Fipronil 3GR) (သို့)အီမီဒါကလိုပရစ်၆၀၀အက်ဖ်အက်စ်(Imidacloprid 600 FS)ထည့်ပါ။

(၆)အပင်စိပ်စိပ်စိုက်မစိုက်ပါနှင့်။

(၇)စိုက်ခင်းပတ်လည်တွင်နေကြာစိုက်ပေးခြင်းဖြင့်မိတ်ဆွေပိုးများအားဆွဲဆောင်ပါ။

(၈)အရွက်အောက်မျက်နှာပြင်တွင်ယင်ဖြူကျရောက်မှုအားအမြဲမပြတ်ကင်း ထောက်ပါ။

(၉)ယင်ဖြူသည်ဓါတုပိုးသတ်ဆေးများအားအလွယ်တကူယဉ်ပါးနိုင်သဖြင့်အပင်ထွက်ပစ္စည်းများမှထုတ်လုပ်သောပိုးသတ်ဆေးများအားအသုံးပြုပါ။(တမာပိုးသတ်ဆေး၊တမာကြိတ်ဖတ်၊ဆေးရွက်ကြီး)

(၉)အရွက်အောက်မျက်နှာတွင်အဖြူရောင်အမှုန်များ(ဖယောင်းလွှာ)ထွက်ပြီးချိန်မှဆေးဖျန်းမည်ဆိုပါကဆပ်ပြာဖျော်ရည်ဖြင့်အရွက်အောက်မျက်နှာပြင်ရောက်အောင်နှံ့နှံ့စပ်စပ်ပက်ဖျန်းပြီးမှပိုးသတ်ဆေးဖျန်းပါ။(ဆပ်ပြာမှုန့် ၂၀၀ ဂရမ်/ရေ ၂၅ လီတာ)

(၁၀)ထိသေ၊စားသေ(သို့)ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကိုဆေးအညွှန်းအတိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ်( Dimethoate)
- ဒိုင်နိုတီဖြူရမ်(Dinotefuran)
- ပိုင်မီထရိုဇင်း (Pymetrozine)
- စပီရိုမက်ဆီဖန် (Spiromesifen)
- စပီရိုတတ်ထရာမက် (Spirotetramat)